# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

## စွမ်းရည်မြှင့်တင်ခြင်း (Community Capacity Building)

- M&AOSB စီမံကိန်းနယ်မြေရုံးဝင်း၌ “သုတပင်လယ်” အမည်ဖြင့် စာကြည့်တိုက်ဖွင့်လှစ်ထားရှိပြီး စာအုပ်များငှားရမ်းပေးခြင်း။
- “သုတပင်လယ်” စာကြည့်တိုက်၌ ပုံပြင်ပြောခြင်းနှင့် ဖန်တီးလေ့လာခြင်းအစီအစဉ်ကို လစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အစီအစဉ် (Community-led Waste Management Program)

- ဂေါ်ရန်ကျီဒေသ သန့်ရှင်းသာယာရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့်အတူ ပူးပေါင်းပံ့ပိုးခြင်း။

## CSR လုပ်ငန်းဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း (Communicating CSR)

- ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဧရာတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခြင်း။
- ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ဧရာတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ဖြန့်ဝေခြင်း။
- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းတိုးတက်မှုအစီရင်ခံစာကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ သုံးလတစ်ကြိမ် ပေးပို့တင်ပြခြင်း။
- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းနှင့်ဆက်နွယ်သော လုပ်ငန်းတိုးတက်မှု အခြေအနေများကို ကုမ္ပဏီ၏ ဆက်သွယ်ပြန်ကြားရေးစာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း။

## သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အသိပေးတင်ပြခြင်း (Stakeholder Engagement)

- တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း – (၄၇) ကြိမ်
- တွေ့ဆုံဆွေးနွေးခဲ့သူပေါင်း – (၆၁) ဦး
- တွေ့ဆုံဆွေးနွေးမှုကြာချိန်ပေါင်း – (၅၇) နာရီ

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism – OGM)

- ၂၀၁၇ ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာပေါင်း – (၇) စောင်
- အကြံပြုချက်များအရ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ရာနှုန်းပြည့် ကျေနပ်လက်ခံခြင်း။

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်သည် ဒေသခံများ စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် သုတပင်လယ်စာကြည့်တိုက်တွင် အသိပညာမျှဝေခြင်းနှင့် ဖန်တီးလေ့လာခြင်း လစဉ်အစီအစဉ်ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့နှင့် ဩဂုတ်လ (၀၃) ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤအစီအစဉ်သည် M&AOSB စီမံကိန်းနယ်မြေဝန်းကျင်ရှိ ကလေးများအတွက် အသိပညာတိုးပွားစေရန်၊ စိတ်ကူးစိတ်သန်းများ တိုးတက်ကောင်းမွန်စေရန်နှင့် ဆန်းသစ်တီထွင်လိုစိတ်ကိုအားပေးရန် ရည်ရွယ်ပါသည်။














# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB စီမံကိန်းနယ်မြေဒေသရှိ ဒေသခံများတွင် အသိပညာဗဟုသုတများ ပိုမိုတိုးများစေရန်အတွက် “သုတပင်လယ်” အမည်ရှိ စာကြည့်တိုက်ကို စီမံကိန်းနယ်မြေရုံးဝင်း၌ ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိရာ စာကြည့်တိုက် စတင်ဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ်၊ မတ်လမှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအထိ စာကြည့်တိုက်တွင် အသင်းဝင်ဦးရေ (၇၃) ဦးရှိပြီး စာအုပ်ငှားရမ်းမှုအကြိမ်ရေ (၃၃၄) ကြိမ် ရှိခဲ့ပါသည်။ သုတပင်လယ်စာကြည့်တိုက်တွင် စာအုပ်ပေါင်း (၄၃၁) အုပ်ရှိပြီး တနင်္လာနေ့မှ သောကြာနေ့အတွင်း နေ့လယ် (၂:၀၀) နာရီမှ ညနေ (၄:၃၀) နာရီအထိ စာအုပ်များငှားရမ်းနိုင်ကြောင်း ကြေညာထားပါသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ သုတပင်လယ် စာကြည့်တိုက်အသင်းဝင်များအနေဖြင့် ၎င်းတို့ ဖတ်ရှုလိုသော စာအုပ်စာစောင်များကို တင်ပြတောင်းဆိုနိုင်သည့် စာအုပ်စာစောင် တောင်းဆိုမှုအစီအစဉ်ကိုလည်း မိတ်ဆက်ခဲ့ပါသည်။ စာကြည့်တိုက်အသင်းဝင်များ တောင်းဆိုထားသော စာအုပ်များကို M&AOSB (CSR အစီအစဉ်) ဖြင့် ဝယ်ယူ၍ သုတပင်လယ်စာကြည့်တိုက်တွင် ထားရှိပေးခဲ့ပါသည်။





M&AOSB ၏ CSR အစီအစဉ်သည် ဂေါ်ရန်ကျွဲပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့် ပူးပေါင်း၍ လိုအပ်သည့် ကူညီမှုများပံ့ပိုးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် ကျောက်ခြေထောက်ကမ်းခြေနှင့် အလယ်ကုန်းရပ်ကွက်တို့၌ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများပြုလုပ်ခဲ့ရာ အဆိုပါလှုပ်ရှားမှုများတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၁၁) ဦး၊ ကလေး (၄၅) ဦးနှင့် စုစုပေါင်း သူရဲကောင်း (၅၆) ဦး ပါဝင်အမှိုက်ကောက်ခဲ့ပြီး အမှိုက်ကီလိုပေါင်း (၅၅) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့ပါသည်။





# M&AOSB ၏ သုံးလပတ်ကာလအတွင်း
# ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ










# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် “၂၀၂၅ ခုနှစ်၊ ကမ္ဘာ့သန့်ရှင်းရေးနေ့” (World Cleanup Day 2025) အထိမ်းအမှတ်ပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် စီမံကိန်းနယ်မြေရုံးဝင်း၌ ပြုလုပ်ခဲ့ပါသည်။ “ကမ္ဘာ့သန့်ရှင်းရေးနေ့” အထိမ်းအမှတ်ပွဲတွင် “အထည်အလိပ်နှင့် ဖက်ရှင်အသုံးအဆောင် စွန့်ပစ်ပစ္စည်းပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်း” ခေါင်းစဉ်ဖြင့် အသိပညာမျှဝေခြင်းနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းအချို့ကို လက်တွေ့လုပ်ဆောင်ခြင်းများပြုလုပ်ခဲ့ပြီး ရပ်ရွာအတွင်း ရေရှည်တည်တံ့သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအလေ့အကျင့်ကောင်းများကို မြှင့်တင်ခဲ့ပါသည်။ အဆိုပါပွဲတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၄) ဦး၊ ကလေး (၂၂) ဦးနှင့် စုစုပေါင်း (၂၆) ဦး ပါဝင်ခဲ့ပါသည်။



















# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

၂၀၂၅ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း အသိပေးဖော်ပြခဲ့ပါသည်။ ထို့ပြင် M&AOSB ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များနှင့် M&AOSB ၏ မိတ်ဖက်ကုမ္ပဏီဖြစ်သည့် MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းဆောင်ရွက်ချက်များကို စုစည်းတင်ပြထားသည့် “တို့မန်းမြေ” သတင်းလွှာတို့ကိုလည်း ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ၂၀၂၅ ခုနှစ်၊ သြဂုတ်လအတွင်း ဖြန့်ဝေခဲ့ပါသည်။

















